CHINA · YUNNAN
HEADLINE
၈-၁၄ မေလ ၂၀၁၈ Vol.94
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

"အပြန်အလှန်ချိတ်ဆက်ရေး"

# ယူနန်နယ်စပ်ဖြတ်ကူးကုန်စည်စီးဆင်းမှုကွန်ရက်အဆင့်မြှင့်တင်

တရုတ်ယူနန်-လာအို၊ တရုတ်ယူနန်-ထိုင်း၊ တရုတ်ယူနန်- ဗီယက်နမ်၊ တရုတ်ယူနန်-မြန်မာစသည့် နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းမှုကုမ္ပဏီအခြေချခြင်း၊ ရေထွက်ကုန် နယ်စပ်ဖြတ်ကျော်အအေးခံကုန်စည်စီးဆင်းမှု ကုန်သွယ်ရေးကွန်ရက်တည်ဆောက်ရေး ခြေလှမ်းအရှိန်အဟုန်မြှင့်တင်ခြင်း၊ "နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းမှု တည်ဆောက်ရေးသည် ယူနန်နှင့်နယ်စပ်ပြင်ပကုန်စည်များ၏ ကုန်သွယ်ရေးကွန်ရက်ကို အနုစိတ်ဆက်စပ်ပေးထားသည်။ "တစ်ကမ္ဘာလုံးထံဝယ်" မှ "တစ်ကမ္ဘာလုံးသို့ရောင်း" အဖြစ်သို့ရောက်ရှိသွားစေပါတော့သည်။

(၂၀၁၇)ခုနှစ်ယူနန်ပြည်နယ်ခေတ်ပေါ်ကုန်စည်စီးဆင်းမှုလုပ်ငန်းသည် သိသာထင်ရှားသည့် "အဖြေလွှာ"ကို တင်ပြသွားပါသည်။ ထုတ်ကုန်တိုးမြှင့်မှုတန်ဖိုးသည် တရုတ်ယွမ်ငွေ(၁၄၁.၆၆)ဘီလီယံသို့အကောင်အထည်ဖော်ဆောင်နိုင်ကာ ယမန်နှစ်တူညီသောအချိန်ထက်(၁၄.၁)% ကိုတိုးမြှင့်လာခဲ့သည်။ နယ်စပ်ဖြတ်ကျော် "e"ကော်မာရှယ်လုပ်ငန်း၏ တိုးမြှင့်လာခြင်းနှင့်အတူ ယူနန်လုပ်ငန်းများနှင့် ပြည်ပပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်၏ ဆက်ဆံရေးသည် တစ်နေ့တစ်ခြားတိုးမြှင့်လာနေပါသည်။

**နိုင်ငံတကာလမ်းကြောင်းကိုတိုးမြှင့်ပေး**

ယူနန်၏ သတ္တုဘောင်ဖွဲ့စည်းမှု၊ စားသုံးကုန်စသည်တို့သည် ကူမင်းမြို့မှ ထွက်ခွာပြီး(၁၈ -၂၂)ရက်အကြာ ဥရောပတိုက်ရှိနိုင်ငံအတော်များများ၏ဈေးကွက်သို့ရောက်ရှိသွားပါသည်။ တဖန်ဥရောပမှ စက်ပစ္စည်းထုတ်ကုန်များ၊ ပန်းမာစိုက်ပျိုးရေးကုန်ကြမ်းများ စသည်တို့သည်လည်းရထားကို "စီးနင်း" လိုက်ပါရင်း ကီလိုမီတာ(၁၀၀၀၀)ကျော် ဝေးလံသောရောင်စုံယူနန်သို့ ရောက်ရှိလာပါတော့သည်။ ဥရောပအလယ်ပိုင်းရထားတွဲသည်"ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ၏ အကောင်အထည်ဖော်ဆောင်သူဖြစ်သည်နှင့်အညီကူမင်းမြို့ကိုဥရောပ၊ အာရှတိုက်ရှိ မြို့အသီးသီးကို ဆက်သွယ်ပေးကာ ကုန်သယ်ယူပို့ဆောင်သည့်အချိန်ကို ကျုံ့ပေးလိုက်နိုင်သဖြင့် ကုန်စည်စီးဆင်းမှု၏ အရင်းအနှီးကို လျှော့ချပေးနိုင်ခဲ့ပါသည်။

"ယခုနှစ်ပထမသုံးလပတ်မှာတရုတ်-ဥရောပကုန်သွယ်ရထားတွဲ(china railway express)မှ 113T စံချိန်သေတ္တာကို သယ်ယူပို့ဆောင်လာခဲ့တယ်၊ ကုန်ပစ္စည်းများစုစုပေါင်းတန်ချိန်(၁၂၁၀)ရှိပြီး တန်ဖိုးတရုတ်ယွမ်ငွေ (၂၁)သန်းရှိတယ်" ဟူ၍ ယူနန်တိုက်ချင်းအကြား ရထားတွဲကုန်စည်စီးဆင်းမှုကုမ္ပဏီလီမိတက်မှ ဒုတိယမန်နေဂျာချိန်ကျန့်ခွန်းကမိတ်ဆက်ပြောကြားခဲ့သည်။ ယမန်နှစ်တစ်နှစ်ပတ်လုံးတွင် တရုတ်-ဥရောပကုန်သယ်ရထားတွဲမှ 526T စံချိန်သေတ္တာ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်လာခဲ့ပါသည်။ ကုန်ပစ္စည်းအလေးချိန်မှာ (၅၇၂၇)တန်ရှိပြီး တန်ဖိုးငွေမှာ ယွမ်ငွေသန်း(၇၀)ဖြစ်သည်။ သတင်းအရသိရသည်မှာ-တရုတ်-ဥရောပကုန်သယ်ရထားတွဲသည် ကူမင်းမြို့ဝမ်ကျားယင်အနောက်ဂိတ်ဘူတာမှ ထွက်ခွာလာပြီး အားလန်စန်းတောင်ကြားလမ်းမှ ဖြတ်၍ နယ်စပ်ကို ထွက်သွားပါသည်။ ယခုဆိုလျှင် အဓိကအားဖြင့် ပင်မလမ်းကြောင်း(၃)ကြောင်းရှိသည်။ ယင်းတို့မှ-ကူမင်းမြို့မှ ဂျာမဏီနိုင်ငံနယူးလွင်ပေါင်အထိ၊ ကူမင်းမြို့မှ ပိုလန်နိုင်ငံလောဆီနှင့် ကူမင်းမှ ဟောလန်နိုင်ငံထီအော်ပေါင်အထိ (၃)လမ်းဖြစ်သည်။ ထို့အပြင် နောက်ထပ်လမ်းကြောင်း(၈)လမ်း ရှိသေးသည်။ လက်ရှိမှာ အရှေ့ဥရောပ၊ အနောက်ဥရောပနှင့်တောင်ဥရောပကို အခြေခံအားဖြင့် လုံးဝလွှမ်းမိုးထားနိုင်ပြီဖြစ်သည်။

**Intelligent ပလက်ဖောင်းကိုတည်ဆောက်ခြင်း**

အသုံးချပရိုဂရမ်ကို Download ဆွဲချလိုက်သည်နှင့် ယာဉ်ပိုင်ရှင်၊ သယ်ယူပို့ဆောင်လိုသော ကုန်ပစ္စည်းအချက်အလက်ကြေညာချက်၊ စထွက်သည့်နေရာနှင့်နောက်ဆုံးပန်းတိုင် စသည့်အချက်အလက်ဒေတာများကို ရှင်းရှင်းလင်းလင်းသိရှိနိုင်မည်ဖြစ်သည်။ ဤသည်မှာ "ဟုန်ရှင်းLucky"ဟု အမည်ရသော အသုံးချဆော့ဖ်ဝဲကိုအမှီပြုသည့် နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းမှု အချက်အလက်ဒေတာပလက်ဖောင်းဖြစ်သည်။ တရုတ်၊ အင်္ဂလိပ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားစသည့် ဘာသာ(၇)မျိုးဗားရှင်းကို ထားရှိထားပါသည်။ ပြည်တွင်းမှာ ခေတ်မီအဆင့်မြင့်အဆင့်အတန်းရှိနေသည်။ ယခုလက်ရှိအထိ နယ်စပ်အတွင်းအပြင်မှတ်ပုံတင်ထားသည့် ယာဉ်အစီးပေါင်း (၂)သောင်းကျော်ရှိနေပြီဖြစ်ရာရွှေလီမြို့မှာ နယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းရေး ဒေတာကြီးစင်တာခွဲကို တည်ဆောက်ထားပြီးဖြစ်သည်။


"မြန်မာနိုင်ငံမှ ယာဉ်ပိုင်ရှင်တစ်ယောက် ကုန်တသုတ်ကို တရုတ်နိုင်ငံသို့ ဆွဲခဲ့သည်ဆိုပါစို့။ အကယ်၍ အပြန်မှာကားက ခါလီဗလာဖြစ်နေလျှင် အရင်းအနှီးတန်ဖိုးက သေချာပေါက်တက်သွားမှာပါပဲ။ အကယ်၍ နယ်စပ်ဂိတ်မှာ မြန်မာသို့ ကုန်စည်တွေသယ်ယူပို့ဆောင်ခြင်းကိုစောင့်ရင်လည်း အစားအသောက်၊ အနေအထိုင်အသုံးစရိတ်ကတက်လာမှာပါပဲ။"ဟူ၍ ယူနန်ဟုန်ရှင်းအဖွဲ့ဝင်အသင်းပံ့ပိုးထောက်ပံ့စီမံကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာယွီးနရှိယွီးက ပြောကြားသွားပါသည်။ ဟုန်ရှင်းLuckyနယ်စပ်ဖြတ်ကျော်ကုန်စည်စီးဆင်းရေးအချက်အလက်ဒေတာကြီး ပလက်ဖောင်းသည် GPSတည်နေရာသတ်မှတ်ခြင်း၊ GPRS ဆက်သွယ်ရေး၊ ဗက်တာအနေအထားကြီးကြပ်ထိန်းသိမ်းခြင်း စသည့်စွမ်းဆောင်ချက်များပါရှိပါသည်။ ယာဉ်ကြီးကြပ်ထိန်းသိမ်းခြင်း၊ လားရာဖက်ချိန်ညှိခြင်း၊ မှတ်တိုင်စာရင်းပြုစုခြင်း၊ လမ်းကြောင်းသုံးသပ်ပေးခြင်း၊ လမ်းကြောင်းကြိုတင်သတ်မှတ်ပေးခြင်းစသည့် စွမ်းဆောင်ချက်များကို အကောင်အထည်ဖော်နိုင်ပါသည်။ အဖွဲ့ဝင်ပြီးသောယာဉ်ပိုင်ရှင်နှင့် ကုန်ပစ္စည်းပိုင်ရှင်များအား အွန်လိုင်းချိတ်ဆက်ပေးခြင်းကို ပေးဆောင်နိုင်ကာနှစ်စီးနှစ်ဖက်၏ဆန္ဒ အလိုအလျောက်အရောင်းအဝယ်ဖြစ်စေနိုင်ပါသည်။

သတင်းထောက်-ဟန်ချိန်ယွမ်း


# တရုတ်နိုင်ငံ ကိုယ်ပိုင်သုတေသနပြုလုပ်သော ရေငုပ်စက်သည် ပင်လယ်အနက်သို့ရေငုပ်

တရုတ်နိုင်ငံ ကိုယ်ပိုင်သုတေသနပြုလုပ်သောရေငုပ်စက် "Qian Long အမှတ်(၃)"သည် ဧပြီလ(၂၀)ရက်နေ့ နံနက်အရုဏ်ဦးအချိန်မှာ ပထမဆုံးအကြိမ် ပင်လယ်ရေအောက်ရေငုပ်ခြင်းကိုလုပ်ဆောင်ခဲ့ပါသည်။ အဆိုပါရေငုပ်စက်သည် တရုတ်နိုင်ငံအတွင်း ခေတ်အပေါ်ဆုံးရေငုပ်စက်ဖြစ်ပြီး (၄)နာရီ(၄၆)မိနစ်အချိန်မှာ ပင်လယ်ရေမျက်နှာပြင်သို့ဆိုက်ရောက်ခဲ့ကာ ထို့နောက်မိနစ်တိုင်းမီတာ(၅၀)အလျင်ဖြင့် အောက်သို့လျှော့ဆင်းသွားခဲ့ပါသည်။ ညအမှောင်အချိန်မှာ ပင်လယ်ရေအောက်ကမ္ဘာကို စူးစမ်းသည့်သမိုင်းကို စတင်လိုက်ပါတော့သည်။

ယခုအကြိမ် ပင်လယ်ရေအောက်သို့ရေငုပ်ခြင်း၏ရည်ရွယ်ချက်သည် "Qian Long အမှတ်(၃)" အတွက် အဖက်ဖက်မှ တိုင်းတာစမ်းသပ်ခြင်းပင် ဖြစ်ပါသည်။ ပင်လယ်စမ်းသပ်မှုအစီအစဉ်(၂)ခုအနက် တစ်ခုအပါအဝင်ဖြစ်ကာ ပင်လယ်စမ်းသပ်မှုသည် "Qian Long အမှတ်(၃)-၏ အဓိကနည်းပညာပိုင်းဆိုင်ရာစံချိန်စံညွှန်းကိန်းဂဏန်းများနှင့် စွမ်းဆောင်ချက်များကိုလိုက်လံစမ်းသပ်စစ်ဆေးခြင်းဖြစ်သည်။ ထို့နောက်မှာ လိုအပ်ချက်များအရ "Qian Long အမှတ်(၃)-စမ်းသပ်မှုနယ်ပယ်မျိုးစုံမှာ ပင်လယ်ရေပိုင်နက်အတွင်းစမ်းသပ်မှုနှင့် အသုံးချမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# 《နေငှက်မိခင်》 အကောင်းဆုံးဂီတမူလတီထွင်မှုဆုကိုဆွတ်ခူးရရှိ



(၁၅)ကြိမ်မြောက် ကမ္ဘာ့တိုင်းရင်းသားရုပ်ရှင်ပွဲတော်ကို ယခုရက်ပိုင်းအမေရိကန်လော့စ်အိန်ဂျလီမှာ ပြည်ဖုံးလိုက်ကာချပိတ်ပွဲ ကျင်းပသွားခဲ့သည်။ ယူနန်ဝိန်စန်းကျွမ့်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲရှီချိုးခရိုင်မှ စီစဉ်ဖန်တီးသောဂီတ《နေငှက်မိခင်》သည် အကောင်းဆုံးဂီတ မူလတီထွင်ဖန်တီးမှုဆုကြီးကို ဆွတ်ခူးရရှိသွားပါသည်။

ယခုအကြိမ် ကမ္ဘာ့တိုင်းရင်းသားရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း(၄၃)နိုင်ငံမှ ရုပ်ရှင်ဇာတ်ကားပေါင်း(၁၀၀၀)ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရပါသည်။ ရှီချိုးခရိုင်မှရွေးချယ်ပေးပို့သော 《နေငှက်မိခင်-အက၏ ဝိညာဉ်》နှင့် မူလဂီတဖန်တီးမှု 《နေငှက်မိခင်》နှစ်မျိုးစလုံးပဏာမအရွေးခံခဲ့ရသည်။ အကဲဖြတ်အဖွဲ့၏စိစစ်မှုအရ 《နေငှက်မိခင်》သည် တစ်ခုတည်းသောအကောင်းဆုံးဂီတမူလတီထွင်ဖန်တီးမှုဆုကြီးကို ဆွတ်ခူးရရှိသွားသည်။

ရှီချိုးခရိုင်၏ တိုင်းရင်းသားယဉ်ကျေးမှုသည် စုံလင်များပြားလှပါသည်။ မန်ကွေ့ဟွာခေါ်တိုင်းရင်းသား၏ ဟူလုစိမ်း(ဗူးသီးတူရိယာ)အကနှင့် ထန်းကူရွာ၏ "မိန်းကလေးနေတောင်ပေါ်က ကတော့ပွဲ" တို့သည် ရှေ့ဆင့်နောက်ဆင့်နိုင်ငံတော်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမှုစာရင်းအတွင်း ထည့်သွင်းခြင်းခံခဲ့ရပါသည်။ ကျွမ့်တိုင်းရင်းသားတို့၏ "မိန်းကလေးနေပွဲတော်"မှာ ပညာရှင်များ၏ အဆိုအရ Maternal societyအမျိုးသမီးလူမှုအသိုင်းအဝိုင်း ခေတ်ကတည်းက ကျင်းပသည်ဟု သိရပါသည်။ နှစ်ပေါင်းထောင်ချီသမိုင်းရှိခဲ့ပြီဖြစ်သည်။